## ၁၃။ သရက်ခူမွေးရှည်

**Tea Flush Worm /Mango hairy caterpillar: *Cricula trifenestrata* (Helfer, 1837)**

**Lepidoptera: Saturniidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ



ဖလံအကောင်ကြီး၏ ဦးခေါင်း၊ ရင်အုပ်နှင့် ခန္ဓာကိုယ်ပေါ်တွင် ဝါညိုရောင် အမွေးများနှင့် ဖုံးအုပ်ထားသည်။ အကောင်ကြီး(အထီး)မှာ အညိုရောင်ရှိပြီး အကောင်ကြီး (အမ)မှာ နီညိုရောင် သန်း သောအရောင်ဖြစ်ပြီး ရှေ့အတောင်ပေါ်တွင် အနက်ရောင် အစင်းလိုင်းပါရှိသည်။ ကြည်လင် သော အပြောက်(၂-၃) ခုပါရှိပြီး အဆိုပါ အစင်းကြောင်းသည် နောက်အတောင် အဆုံးထိ တွေ့ရသည်။ အရွယ်ရောက် လောက် ကောင်များတွင် ချောကလက်ရောင်/နီဝါရောင်နှင့် ကိုယ်ပေါ်တွင် အဝါရောင် အစက် အပြောက်များကို ထင်ရှားစွာတွေ့ရသည်။ နီဝါရောင် အမွေးအမျှင်များစွာပါရှိသော ခူကောင် များဖြစ်သည်။

### ဖျက်ဆီးပုံ လက္ခဏာများ





သရက်တွင် အဓိကကျရောက်သော အရွက်စား ဖျက်ပိုးတစ်မျိုးဖြစ်သည်။ရွှေ ရောင် နူးညံ့သော ချည်မျှင်များကို ထုတ်သည်။ အပင်၏ အရွက်များကိုသာ စားသောက်ဖျက်ဆီးပြီး ရိုးတံသာကျန်သည် အထိ စားသောက် ဖျက်ဆီး သည်။ သီဟိုလ်နှင့် အခြားသီးနှံများကိုလည်း စားသောက် ဖျက်ဆီးသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၁၅–၂၀)ရက် |
| လောက်ကောင်အဆင့် | – (၄၀–၅၀)ရက် |
| ရုပ်ဖုံးအဆင့် | – (၂၅)ရက် |
| အကောင်ကြီးအဆင့် | – (၃–၄)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အပင်ပေါ်တွင်တွေ့ရသော ဥမြုံများ၊ လောက်ကောင်များ၊ပိုးရုပ်ဖုံးများကိုလက်နှင့် ကောက်ယူ ဖျက်ဆီးပါ။

(၂) အလင်းရောင်ထောင်ချောက်ထွန်းပြီး အကောင်ကြီးများကို ဖမ်းယူဖျက်ဆီးပါ။

(၃)ထိသေ၊စားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒယ်လ်တာမီသရင် (Deltamethrin)
- ကာဘာရိုင်း (Carbaryl)
- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)